# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
# (ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေ)
## အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/ ၂၀၁၃
## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)
## [ ပြင်ဆင် : 27.08.2015, 29.05.2020 ]

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေ များဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေကိုဆိုသည်။

(ခ) **နယ်စပ်မြစ်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်သော အိမ်နီးချင်းနိုင်ငံတို့၏ နယ်နိမိတ်အကြားတွင်ရှိပြီး နှစ်နိုင်ငံသဘောတူညီချက်ဖြင့် နယ်နိမိတ်မျဉ်း သတ်မှတ်ထားသော မြစ်ကို ဆိုသည်။

(ဂ) **ဆိပ်ကမ်း** ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များ တင်ချရေး အတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ တည်ဆဲဆိပ်ကမ်းများ အက်ဥပဒေအရဖြစ်စေ၊ ရန်ကုန် ဆိပ်ကမ်းအက်ဥပဒေအရဖြစ်စေ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကိုဆိုသည်။

(ဃ) **ဆိပ်ကမ်းနယ်** ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များ တင်ချရေးအတွက် ရေယာဉ်များဆိုက်ကပ်ရန်အလို့ငှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်း မရှိလျှင် ဒီရေအမြင့်ဆုံး တက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံးပုံမှန် ရေမြင့်အမှတ် ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်း သို့ ပေ ၁၅၀ အထိရှိသော ဆိပ်ကမ်းမြေ နယ်နိမိတ်ကိုဆိုသည်။

Myanmar Law Information System (MLIS)

(င) **သဘော်ာကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းနှင့် စက်ပိုင်းဆိုင်ရာများ တည်ဆောက်တပ်ဆင်ပြုပြင်သော နေရာကို ဆိုသည်။

(စ) **ရေစိုသဘော်ာကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်နှင့် ကမ်းပါးနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းဆိုင်ရာနှင့် စက်ပိုင်းဆိုင်ရာများ တည်ဆောက်တပ်ဆင်ပြုပြင်သော ရေဝင်ရေထွက် တံခါးမရှိသော အလုပ်ရုံကို ဆိုသည်။

(ဆ) **ရေလုံသဘော်ာကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းနှင့် စက်ပိုင်းဆိုင်ရာများ တည်ဆောက်တပ်ဆင်ပြုပြင်ရန် ရေဝင်ရေထွက် တံခါးဖြင့် တည်ဆောက်ထားသော အလုပ်ရုံကို ဆိုသည်။

(ဇ) **လွှန်းလမ်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေယာဉ်အား လွှန်းတင်၍ ပြင်ဆင်ရန် အလုပ်ရုံသို့ သယ်ယူပို့ဆောင်သော လမ်းကိုဆိုသည်။

(ဈ) **ကမ်းထိန်းနံရံ** ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးများ ရေတိုက်စားခြင်း မခံရစေရန် တည်ဆောက်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ည) **ရေလွှဲရေကာ** ဆိုသည်မှာ မြစ်ချောင်းများ၏ရေစီးကြောင်း လားရာပြောင်းလဲစေရန် ရည်ရွယ်၍ ဆောက်လုပ်ထားသော အဆောက်အအုံကိုလည်းကောင်း၊ ကမ်းပြိုမှုကာကွယ်ရန်နှင့် ရေနက်ကြောင်း လမ်းကြောင်းပြောင်းလဲမှု ဖြစ်စေရန် တည်ဆောက်ထားသော အဆောက်အအုံကို လည်းကောင်း ဆိုသည်။

(ဋ) **ရေမြောပေါက်ပိတ်ရေကာ** ဆိုသည်မှာ မြစ်ချောင်းများအတွင်း လိုအပ်သော ရေလမ်းကြောင်း ပိုမိုဖွံ့ဖြိုးစေရန် မလိုအပ်သော ရေမြောပေါက်အား ပိတ်၍တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဌ) **နုန်းဖမ်းရေကာ** ဆိုသည်မှာ ရေစီးတွင်ပါသော သဲနုန်းတို့အား အနည်ကျစေရန် တည်ဆောက်ထား သောအဆောက်အအုံကိုဆိုသည်။

(ဍ) **လှိုင်းကာ** ဆိုသည်မှာ လှိုင်းရိုက်ခတ်မှုကြောင့် ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန် တည်ဆောက်ထား သော အဆောက်အအုံကိုဆိုသည်။

(ဎ) **နစ်မြုပ်ရေယာဉ်** ဆိုရာတွင် မြစ်ချောင်းနယ်၊ ကမ်းနားနယ်နှင့် ကမ်းပါးနယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်များ၊ အခြားယာဉ်များ၊ ယန္တရားများနှင့် ပစ္စည်းတစ်မျိုးမျိုးတို့ ပါဝင်သည်။

(ဏ) **ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်း** ဆိုရာတွင် ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ် မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းအဖြစ် အောက်ပါအတိုင်း အတန်းအစား ၉ မျိုးဖြင့် ခွဲခြား၍ သတ်မှတ်ထားသော ပစ္စည်းများပါဝင်သည်-

Myanmar Law Information System (MLIS)

(၁) အတန်းအစား ၁ - ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ (Explosives)၊

(၂) အတန်းအစား ၂ - ဓာတ်ငွေ့များ (Gases)၊ [မီးလောင်လွယ်သော ဓာတ်ငွေ့များ (Flammable Gases)၊ ဖိအားသုံး အလွယ်တကူ မီးမလောင် နိုင်သော ဓာတ်ငွေ့များ (Compressed Non-Flammable Gases) နှင့် အဆိပ်ဓာတ်ငွေ့များ (Toxic Gases)]၊

(၃) အတန်းအစား ၃ - မီးလောင်လွယ်သောအရည်များ၊ (Flammable Liquids)၊

(၄) အတန်းအစား ၄ - မီးလောင်လွယ်သော ဝတ္ထုပစ္စည်းများ၊ အလိုအလျောက် လောင်ကျွမ်းစေသော အရာဝတ္ထုများ၊ ရေနှင့် ထိတွေ့လျှင် မီးလောင်လွယ်သည့် ဓာတ်ငွေ့ထွက်စေသော အရာဝတ္ထုများ (Flammable Solids; Substances liable to Spontaneous Combustion; Substances, which in Contact with Water, emit Flammable Gas)၊

(၅) အတန်းအစား ၅ - အောက်စီဂျင်နှင့် ဓာတ်ပေါင်းစပ်သည့် ဝတ္ထုပစ္စည်းများနှင့် ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်အရည်များ [Oxidising Substances and Organic Peroxides (Oxidisers and Organic Peroxides)]

(၆) အတန်းအစား ၆ - အဆိပ်အတောက်ဖြစ်စေသော အရာဝတ္ထုများနှင့် ကူးစက်တတ် သော အရာဝတ္ထုများ (Toxic Substances and Infectious Substances)

(၇) အတန်းအစား ၇ - ဓာတ်ရောင်ခြည်သင့်စေသော ဝတ္ထုပစ္စည်းများ [Radioactive Material (Radioactive Substances)]

(၈) အတန်းအစား ၈ - သံချေးတက်စေသည့် သို့မဟုတ် အက်စစ်ကဲ့သို့ စားလောင်စေ သည့် ဝတ္ထုပစ္စည်းများ၊ (Corrosive Substances)၊

(၉) အတန်းအစား ၉ - ကုလသမဂ္ဂမှ ထောက်ခံသတ်မှတ်ထားသော ဘေးအန္တရာယ်ဖြစ် စေသည့် အခြားအရာဝတ္ထုပစ္စည်းများ (Miscellaneous Dangerous Substances)။

Myanmar Law Information System (MLIS)

(တ) **အဆိပ်သင့်စေသောပစ္စည်း (Poisonous Material)** ဆိုသည်မှာ ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး အဆိပ်အတောက်မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်း ဥပဒေများအရ အတန်းအစား ၆ အဖြစ် သတ်မှတ်ထားသော အဆိပ်အတောက်ဖြစ်စေသည့် အရာဝတ္ထု များနှင့် ကူးစက်တတ်သော အရာဝတ္ထုများ (Toxic Substances and Infectious Substances) တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန က အဆိပ်သင့်ပစ္စည်းအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သောဝတ္ထုပစ္စည်းများလည်း ပါဝင်သည်။

(ထ) **ရေစူး** ဆိုသည်မှာ ရေယာဉ်ကိုယ်ထည် ရေထဲအနက်ဆုံးရောက်သည့်နေရာအဆုံးမှ ရေမျက်နှာပြင် ထိစပ်သောအပိုင်းနေရာထိ ထောင့်မှန်ကျတိုင်းနည်းဖြင့် မတ်မျဉ်း၏အတိုင်း တိုင်းတာရသော ရေအနက်ကို ဆိုသည်။

(ဒ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

<ပြင်ဆင် 29.05.2020>

**အခန်း (၂)**

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်း**

၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သည် ဥပဒေပါ ရည်ရွယ်ချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ-

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများကို အများပြည်သူ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရမည်။

(ခ) မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆယ်သွယ်မှု လုံခြုံချောမွေ့စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးအတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်များချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) ရေထုညစ်ညမ်းမှု မဖြစ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။

(င) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် လိုအပ်ပါက ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ

Myanmar Law Information System (MLIS)

အဖွဲ့အစည်း များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(စ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် ပြည်တွင်းရှိ မြစ်ချောင်းများအား ရေအနက် ပိုမိုလာစေရေးနှင့် ရေယာဉ်များ ဝန်တင်အလေးချိန် တိုးမြှင့်တင်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး မြစ်ချောင်းများ အားအပိုင်းအလိုက်ခွဲ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး တာဝန်ပေးဆောင်ရွက်ခွင့် ပြုနိုင်သည်။

(ဆ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် ရေအနက်ပိုမိုရရှိရေးဆောင်ရွက်ရာမှ ထွက်ရှိလာသည့် စွန့်ပစ်ဘေးထွက်ပစ္စည်းများတွင် သယံဇာတတစ်မျိုးမျိုး ပါဝင်ပါက တည်ဆဲဥပဒေ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်း၏ခွင့်ပြုချက် ရယူစေပြီးဆက်လက် ဆောင်ရွက်ခွင့်ပြုနိုင်သည်။ <ပြင်ဆင် 27.08.2015, 29.05.2020>

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအား အပိုင်းအလိုက်ခွဲ၍ တာဝန်ပေးဆောင်ရွက်ခွင့်ပြုထားသော ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့ အစည်းများသည် -

(က) ရေထုညစ်ညမ်းမှု မဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်းမရှိစေရန် သတ်မှတ် ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေအရည်အသွေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ၊ ရေလမ်းကြောင်းကိုဖြစ်စေ ထိခိုက်မှု ဖြစ်စေပါက ထိုသို့ထိခိုက်မှုမရှိစေရန် ဆောလျင်စွာပြုပြင်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထိခိုက်မှုအတွက် ပြုပြင်ပေးခြင်း မရှိလျှင် ဦးစီးဌာနက လိုအပ်၍ ပြုပြင်ပေးရသည့်အတွက် ကုန်ကျစရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၅။ ဦးစီးဌာနသည်-

(က) မြို့ဆိပ်ကမ်းများတည်တံ့ပြီး မရွှေ့ပြောင်းစေရေးနှင့် မြစ်ချောင်း၊ ရေလမ်းကြောင်းများကောင်းမွန် ပြီးအမြဲတစေ အသုံးပြုနိုင်ရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) မြစ်ချောင်း၊ ရေလမ်းကြောင်းများ ပြောင်းလဲမှုကြောင့် မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ရမည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာနှင့် အကူအညီများ ပံ့ပိုးရမည်။

(ဂ) မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း မရှိစေရန် စီမံဆောင်ရွက်ရမည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က

Myanmar Law Information System (MLIS)

ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာအကူအညီများပေးခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုရမည်။

(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(င) မြစ်ချောင်းများအတွင်း ရေယာဉ်များ ကုန်စည်အလေးချိန်တိုးမြှင့် တင်ဆောင်၍ ခုတ်မောင်းသွားလာနိုင်ရန် မြစ်ကြောင်းများ၏ ရေအနက်ပိုမိုလာစေရေးနှင့် မြစ်ချောင်းများမတိမ်ကောစေရေးတို့ အတွက် မြစ်ချောင်းများတွင် လိုအပ်သည့်ရေဘက်ဆိုင်ရာ နည်းပညာတည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သောင်တူးဖော်ခြင်းနှင့် တူးစာများကို စနစ်တကျ စွန့်ပစ်ခြင်းများ ပြုရမည်။

(စ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်တို့နှင့် ဆက်စပ်၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းခြင်း လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၏ လမ်းညွှန်မှု ဖြင့် လိုအပ်သောစီမံခန့်ခွဲပိုင်ခွင့်များရှိသည်။
<ပြင်ဆင် 27.08.2015, 29.05.2020>

## အခန်း (၃)

## ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း

၆။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်များ၊ နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ရမည်။
<ပြင်ဆင် 29.05.2020>

၇။ ဦးစီးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ရေယာဉ်များမှ မစင်နှင့်အညစ်အကြေးများ မြစ်ချောင်းအတွင်းသို့ စွန့်ခြင်းမရှိစေရန် အလို့ငှာ ရေယာဉ်များတည်ဆောက်ရာ၌ ရေလုံရေအိမ်သာများနှင့် အညစ်အကြေးစွန့်ကန်များ တပ်ဆင်အသုံးပြု ရေးအတွက် ရေယာဉ်များအားမှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီး လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းပြုရမည်။

(ခ) မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာသည့် ရေယာဉ်ကြောင့်သော်လည်းကောင်း၊ မြစ်ချောင်း အနီးပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ သို့မဟုတ် နေထိုင်သူများကြောင့်သော်လည်း

Myanmar Law Information System (MLIS)

ကောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်နှင့် ဂေဟစနစ် ပျက်စီးမှု မရှိစေရန် ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီး လိုအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်များဖြင့် စည်းကမ်းချက်များ ထုတ်ပြန်သတ်မှတ်ထားရမည်။ ထိုအမိန့်နှင့်ညွှန်ကြားချက် များပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းသို့ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ရေဆိုးများ ကိုသန့်စင်ပြီးမှသာ စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စီးဆင်းစေခြင်းတို့ပြုစေရန် စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်များအား ညွှန်ကြားရမည်။ ထိုသို့သန့်စင်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ဃ) ရေထုညစ်ညမ်းစေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် တိရစ္ဆာန်အသေကောင်များကို မြစ်ချောင်းများ အတွင်းသို့ စွန့်ပစ်ခြင်း မပြုရေးအတွက် ပြည်သူများ လိုက်နာစေရန် အသိပညာပေးရ မည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

<ပြင်ဆင် 27.08.2015, 29.05.2020>

၈။ မည်သူမဆို-

(က) မြစ်ချောင်းများအတွင်းသို့ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများစီးဝင်ခြင်း၊ စိမ့်ထွက်ခြင်း သို့မဟုတ် ကျရောက်ခြင်း မရှိစေရန် ထိုပစ္စည်းများကို ရေယာဉ်ဖြင့် သယ်ဆောင်ရာတွင် သတ်မှတ် ထားသည့် နိုင်ငံတကာ စံနှုန်းနှင့်အညီ သယ်ဆောင်ရမည်။

(ခ) ပလပ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ နိုင်လွန်ကြိုးများနှင့် အခြားပလပ်စတစ်ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ ကျရောက်ခြင်း မရှိစေရန် စနစ်တကျ သယ်ဆောင်ရမည်။

(ဂ) မြစ်ချောင်းများအတွင်းသို့ မစင်နှင့် အညစ်ကြေးများ ကျရောက်ခြင်းမရှိစေရန် ကမ်းပါးနှင့် ဝေးရာတွင် ယင်လုံအိမ်သာ ဆောက်ရမည်။ ထို့ပြင် မစင်နှင့် အညစ်အကြေးများအား စွန့်ကန်သို့ ပိုက်ဖြင့် လုံခြုံစွာစွန့်ပစ်ရမည်။

(ဃ) ရေထုမညစ်ညမ်းစေရန် မစင်နှင့် အညစ်အကြေးများ၊ စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့် ပစ္စည်း၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်း၊ အနုမြူဓာတ်ရောင်ခြည်သင့် ပစ္စည်းများနှင့် အခြား ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက် များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

(င) မည်သည့် အကြောင်းကြောင့်မျှ မြစ်ချောင်းများ အတွင်းသို့ မစင်နှင့်အညစ်အကြေးများကို စီးဝင်ခြင်း၊ စိမ့်ဝင်ခြင်း မရှိစေရန် လုံခြုံစိတ်ချရသည့် ကာကွယ်မှုများကို နိုင်ငံတကာ သတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ရမည်။



Myanmar Law Information System (MLIS)

၉။ မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုကျူးလွန်သူသည် ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့ အတွက် ဦးစီးဌာနက လိုအပ်၍ ပြုပြင်ပေးရပါက ကုန်ကျစရိတ်တန်ဖိုးကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၄)

## နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်း

၁၀။ ဦးစီးဌာနသည် -

(က) နိုင်ငံတော်ပိုင်နက်နယ်မြေ မဆုံးရှုံးစေရေးနှင့် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အသုံးချနိုင်ရေးတို့အတွက် နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် လိုအပ်သည့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

(ခ) နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများ ပြောင်းလဲခြင်း ရှိ မရှိ၊ ကမ်းပြို ကမ်းစားမှုများ ရှိ မရှိ စစ်ဆေး၍ တွေ့ရှိချက်များကို  ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သို့ တင်ပြရမည်။

(ဂ) နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများ သဘာဝအလျောက် ကမ်းပြိုကမ်းစား၍ ပြောင်းလဲသည့်အခါဖြစ်စေ၊ တစ်ဘက်နိုင်ငံက ရေလမ်းကြောင်းပြောင်းလဲစေရန် တစ်စုံတစ်ရာ ပြုလုပ်မှုကြောင့် ရေလမ်းကြောင်း ပြောင်းလဲဖွယ်ရာ တွေ့ရှိလျှင်ဖြစ်စေ နိုင်ငံတော်ပိုင်နက်နယ်မြေ မဆုံးရှုံးစေရေး အတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်  ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သို့ ဆောလျင်စွာတင်ပြ ရမည်။

<ပြင်ဆင် 29.05.2020>

၁၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သည်-

(က) နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ဂ) အရ တင်ပြချက်ကိုစိစစ်ပြီး နယ်စပ်မြစ်ကြောင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ပိုင်နက် နယ်မြေ ဆုံးရှုံးနိုင်ဖွယ်ရာတွေ့ရှိလျှင်ဖြစ်စေ၊ နိုင်ငံတော်၏နယ်နိမိတ် အမှတ်အသားကို ပြန်လည်သတ်မှတ်ရန် ရှိလျှင်ဖြစ်စေ လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆောလျင်စွာတင်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပါ အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်ပိုင်နက် နယ်မြေဆုံးရှုံးမှု မရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

<ပြင်ဆင် 29.05.2020>

Myanmar Law Information System (MLIS)

၁၂။ ဦးစီးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်ပိုင်နက်နယ်မြေ မဆုံးရှုံးစေရေးအတွက် နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား လိုအပ်သလို ကာကွယ်ထိန်းသိမ်း ခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ ပြုရမည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၅)

## ရေလမ်းကြောင်းများ ကောင်းမွန်ရေးနှင့် မြစ်ချောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာ ခြင်း

၁၃။ ဦးစီးဌာနသည် မြစ်ချောင်းများအတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာ နိုင်ရန်အလို့ငှာ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စများ၊ နေရာများနှင့်စပ်လျဉ်း၍ သတိပေးအမှတ်အသား သို့မဟုတ် ဆိုင်းဘုတ်များကို အဝေးမှ မြင်နိုင်စေရန် လိုအပ်သလို တပ်ဆင်ထားရမည် -

(က) ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်းနှင့် ရေအောက်အန္တရာယ်ရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်နေခြင်း၊

(ခ) မြစ်ကူးတံတားကြီးများ ဆောက်လုပ်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(ဂ) မြစ်ချောင်းနယ်အတွင်း အန္တရာယ်ရှိစေနိုင်သော နစ်မြုပ်ရေယာဉ်ရှိသည့်နေရာများနှင့် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်နေခြင်း၊

(ဃ) မြစ်ချောင်းနယ်အတွင်း သယံဇာတ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နေခြင်း၊

(င) မြစ်ချောင်းနယ်အတွင်း မြေအောက် ရေအောက် ကြေးနန်းလိုင်း၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ ပိုက်လိုင်းနှင့် ရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်း လုပ်ငန်းများ၊ ရေအောက်ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(စ) သွယ်တန်းတပ်ဆင်ထားသော ရေပေါ်ရေအောက် ဓာတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက် လိုင်း၊ ရေပိုက်လိုင်းများနှင့် ဖောက်လုပ်ထားသော ရေအောက်ဥမင်လိုဏ်ခေါင်းတို့ရှိသည့် နေရာများ၊

(ဆ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းများ။

၁၄။ ဦးစီးဌာနသည် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် အလို့ငှာ-

(က) ရေလမ်းအလိုက် ခုတ်မောင်းသွားလာနိုင်သည့် ရေယာဉ်များ၏ အရွယ်အစားနှင့် လုံးပေါင်းတန်ချိန် (Gross Tonnage-GT) တို့ကို သတ်မှတ်ထားရမည်။

(ခ) တည်ဆဲဥပဒေများအရ သတ်မှတ်ထားသော ရေစူးများကို လိုအပ်ပါက ပြင်ဆင်၍ သတ်မှတ်နိုင် သည်။

(ဂ) ရေလမ်းညွှန် အမှတ်အသားများကို သတ်မှတ်ထားရမည်။

Myanmar Law Information System (MLIS)

(ဃ) ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင်နှင့် စက်မောင်းသူတို့အား သက်ဆိုင်ရာမှ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်များကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်။

<ပြင်ဆင် 29.05.2020>

၁၅။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ညီညွတ်သော ရေယာဉ်အရွယ်အစား၊ စက်မြင်းကောင် ရေပမာဏ သို့မဟုတ် တွဲအရေအတွက်ဖြင့်သာ ရေယာဉ်ကိုမြစ်ချောင်းအတွင်း ခုတ်မောင်း သွားလာ ရမည်။

(ခ) ရေလမ်းအလိုက် သတ်မှတ်ထားသော ရေစူးနှင့်ကိုက်ညီသည့် ရေယာဉ်များသာ ခုတ်မောင်း သွားလာရမည်။

(ဂ) သတ်မှတ်ထားသော ဝန်တင်ရေမှတ်ထက် ပို၍ ဝန်များတင်ဆောင်ခြင်း မပြုဘဲ သတ်မှတ်ထားသော ရေကြောင်းလမ်းအတွင်းမှသာ ခုတ်မောင်းသွားလာရမည်။

(ဃ) ဦးစီးဌာနမှ တာဝန်ရှိသူက ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်း သို့မဟုတ် ရေပေါ်ရေအောက်အန္တရာယ် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် ရေယာဉ်များရပ်တန့်စောင့်ဆိုင်းရန် အချက်ပြထားသည်ကို လိုက်နာပြီး ရေယာဉ်ကိုဖြတ်သန်း ခုတ်မောင်းသွားလာရမည်။

<ပြင်ဆင် 29.05.2020>

၁၆။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် -

(က) မြစ်ချောင်းများအတွင်း ရေယာဉ်ကိုခုတ်မောင်းသွားလာရာတွင် သတ်မှတ်ထားသော ရေလမ်းညွှန် အမှတ်အသားများကို ဂရုပြု၍ မောင်းနှင်ရမည်။

(ခ) ရေလမ်းကြောင်းအတွင်း ရေယာဉ်သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ မဖြစ်စေရန် အမြဲဂရုပြု၍ မောင်းနှင်ရမည်။ အကယ်၍ သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ ဖြစ်ပေါ်ပါက ရေလမ်းကြောင်း ပျက်စီးစေနိုင်သဖြင့် ရေယာဉ်ကို ချက်ချင်းရေနက်လမ်းကြောင်းသို့ ရွှေ့ပြောင်းနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။ ထိုသို့ ရွှေ့ပြောင်းခြင်း မပြုနိုင်ပါက ဦးစီးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်။

(ဂ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် အစုန်ကို ဦးစားပေး၍ ရေယာဉ်တစ်စီးချင်းသာ ဖြတ်သန်းရမည်။

(ဃ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် ရေယာဉ်တစ်စီးက အခြားရေယာဉ်တစ်စီးကို ကျော်တက်ခြင်းမပြုရ။

(င) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေယာဉ်အား ကျောက်ချခြင်း၊ ချည်နှောင်ခြင်း၊ ကမ်းထိုးခြင်းများဆောင်ရွက်ပါက အလွယ်တကူရွှေ့ပြောင်းနိုင်ရန် အသင့်ထားရှိရမည်။

<ပြင်ဆင် 29.05.2020>

Myanmar Law Information System (MLIS)

၁၇။ ဦးစီးဌာနမှ တာဝန်ရှိသူတို့သည် -

(က) မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာနေသော ရေယာဉ်အားအနှောင့်အယှက် ဖြစ်စေသူထံအဆိုပါ အဟန့်အတား ဖြစ်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများကို အမြန်ဆုံးရွှေ့ပြောင်းဖယ်ရှားပေးရန် အမိန့်ထုတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရအမိန့်ထုတ်ဆင့်သော်လည်း အမြန်ဆုံး ရွှေ့ပြောင်းဖယ်ရှားပေးခြင်း မပြုပါက အဆိုပါ အဟန့်အတားဖြစ်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများကို ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် ရှင်းလင်းဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၁၈။ မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာနေသော ရေယာဉ်အား အနှောင့်အယှက်ဖြစ်စေသူသည် ဦးစီးဌာနမှ တာဝန်ရှိသူတို့က နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၁၉။ (က) ဦးစီးဌာနသည် မိမိဌာန၏ ရေကြောင်းပြဖြင့်သာ ဖြတ်သန်းရမည့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရေကြောင်းများနှင့် ဖြတ်သန်းရမည့် ရေယာဉ် အရွယ်အစားကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

(ခ) ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ဦးစီးဌာနက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် ရေကြောင်းများတွင် ဖြတ်သန်းခြင်းမပြုမီ ရေယာဉ်များ ဘေးအန္တရာယ် မဖြစ်စေရေးအတွက် ရေကြောင်းပြတာဝန် ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ တောင်းခံရမည်။

(ဂ) ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများတင်ဆောင်လာသော ရေယာဉ်များ၊ ဝန်လေးတင် ရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန် အလို့ငှာ ရေကြောင်းပြတာဝန် ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက် တောင်းခံပါက သတ်မှတ်ထားသော ရေကြောင်းပြခကို ပေးဆောင်ရမည်။

(ဃ) နိုင်ငံခြားသားခရီးသည်ပါရှိသော အပျော်စီးရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန် အလို့ငှာ ရေကြောင်းပြတာဝန်ထမ်း ဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက် တောင်းခံပါက သတ်မှတ်ထားသော ရေကြောင်း ပြခကို ပေးဆောင်ရမည်။

(င) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ခွင့်ပြုချက်တောင်းခံလာသည့်အခါ အဆိုပါ ရေယာဉ်များ ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရေးအတွက် ရေကြောင်းပြ တာဝန်ထမ်းဆောင် ပေးရမည်။

## အခန်း (၆)



Myanmar Law Information System (MLIS)

## မြစ်ကူးတံတားနှင့် ချောင်းကူးတံတားကြီးများ ဆောက်လုပ်ခြင်း

၂၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ-

(က) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်လိုလျှင် လုပ်ငန်းအတိုင်းအတာပမာဏနှင့် လုပ်ငန်း ကာလတို့ကို ဝန်ကြီးဌာနသို့ တင်ပြပြီး သဘောထားမှတ်ချက် တောင်းခံရမည်။

(ခ) ရေနည်းချိန် ယာယီမြစ်ကူး၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်းကို ဦးစီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရမည်။

<ပြင်ဆင် 29.05.2020>

၂၁။ (က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (က) အရ သဘောထားမှတ်ချက် တောင်ခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်း ကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ကူးတံတားကြီးများကိုဖြစ်စေ ချောင်းကူးတံတားကြီး များကိုဖြစ်စေ၊ ဆောက်လုပ်ရန် စည်းကမ်းချက်များသတ်မှတ်၍ သဘောထားမှတ်ချက်ပေးနိုင်သည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ) အရ သဘောထားမှတ်ချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်မရှိပါက ရေနည်းချိန်ယာယီမြစ်ကူး၊ ချောင်းကူးတံတားများဆောက်လုပ်ရန် စည်းကမ်းချက်များသတ်မှတ်၍ သဘောထားမှတ်ချက်ပေးနိုင်သည်။

<ပြင်ဆင် 29.05.2020>

၂၂။ နည်းဥပဒေ ၂၁ အရ သဘောထားမှတ်ချက်ရယူရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူး တံတားကြီးများကိုဖြစ်စေ၊ ယာယီမြစ်ကူး ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်ခြင်း အတွက် တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှု ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၇)

## မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး

၂၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး အလို့ငှာ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ရေလမ်းထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန် ဦးစီးဌာန၏ တင်ပြချက်အပေါ် လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊



Myanmar Law Information System (MLIS)

(ခ) မြစ်ကူးတံတား တစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့် အမြင့်တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်း။

<ပြင်ဆင် 29.05.2020>

၂၄။ ဦးစီးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန် အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း နှင့်ညှိနှိုင်း၍ လိုအပ်သော ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ထားသော မြစ်ကူးတံတားတစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့် အမြင့်တို့ကို သက်ဆိုင်ရာ တံတားတစ်ခုချင်း၌ မြင်သာသောရေလမ်းညွှန် အမှတ်အသားများ ပြုလုပ်ထားရမည်။

(ဂ) မြစ်ကူးတံတားကြီးတစ်ခုချင်းအား ရေလမ်းသတ်မှတ်ချက် သတင်းထုတ်ပြန်ရမည်။

(ဃ) မြစ်ကူးတံတားကြီး တစ်ခုချင်းအလိုက် ဖြတ်သန်းနိုင်မည့် ရေယာဉ်များ၏ အရွယ်အစားနှင့် တွဲအရေအတွက်ကို သတ်မှတ်၍ သတင်းထုတ်ပြန်ရမည်။

<ပြင်ဆင် 29.05.2020>

၂၅။ ဦးစီးဌာနသည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန် အလို့ငှာ -

(က) မြစ်ချောင်း၊ ရေလမ်းကြောင်းများကို တိုင်းတာစစ်ဆေး၍ သဘောထား မှတ်ချက်ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ရေလမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၈)

## နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်း

၂၆။ ရေယာဉ်ပိုင်ရှင်သည်-

(က) မြစ်ချောင်းနယ်အတွင်း ရေယာဉ်နစ်မြုပ်ပါက မြစ်ချောင်းရေလမ်းကြောင်းများ ကောင်းမွန်ပြီး ရေယာဉ်များ အန္တရာယ်မရှိစေရေးအတွက် မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အတွက် နစ်မြုပ်ကြောင်း ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားပြီး ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူရေး အတွက် အမြန်ဆုံး စီမံဆောင်ရွက်ရမည်။ အကယ်၍ ရေယာဉ်များ ခုတ်မောင်းသွားလာသည့် ရေလမ်းကြောင်းတွင် ပိတ်ဆို့နိုင်သည့် အခြေအနေမျိုးဖြစ်ပါက ချက်ချင်းဆယ်ယူဖယ်ရှားရမည်။ ထိုသို့ ချက်ချင်း ဆယ်ယူဖယ်ရှားခြင်းမပြုသဖြင့် ဦးစီးဌာနက ဆယ်ယူဖယ်ရှားပေးရသည့်အတွက် ကုန်ကျ စရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

Myanmar Law Information System (MLIS)

(ခ) မြစ်ချောင်းနယ်အတွင်း နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခြင်း မပြုနိုင်လျှင်သော်လည်းကောင်း၊ တူးဖော်ဆယ်ယူခြင်း မပြုဘဲ စွန့်လွှတ်လိုလျှင် သော်လည်းကောင်း အကျိုးအကြောင်းဖော်ပြ၍ ဦးစီးဌာနသို့ ရေယာဉ်နစ်မြုပ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တင်ပြရမည်။

(ဂ) ချက်ချင်းဆယ်ယူဖယ်ရှားရန် မလိုသည့် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်သော်လည်း ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်း မပြုနိုင်သည့်အခါ ဆက်လက်၍ တူးဖော်ဆယ်ယူရေး အတွက် ရက်တိုးမြှင့်ပေးရန် ဦးစီးဌာနသို့ ခွင့်ပြုချက် တောင်းခံ ရမည်။

(ဃ) နစ်မြုပ်ရေယာဉ်ကို ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နည်းဥပဒေခွဲ (က) နှင့်(ဂ) တို့အရ တူးဖော်ဆယ်ယူခွင့်ရှိသည်။ ထိုတစ်နှစ် ကုန်ဆုံးပြီးနောက် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခွင့်နှင့် ပိုင်ဆိုင်ခွင့်တို့ မရှိစေရ။

၂၇။ ဦးစီးဌာနသည်-

(က) ရေယာဉ်ပိုင်ရှင်က နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ဂ) အရ ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်း မပြုနိုင်သဖြင့် ရက်တိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက် သတ်မှတ်၍ အပြီးတူးဖော် ဆယ်ယူရန် ခံဝန်ချုပ်ပြုလုပ်စေပြီး သင့်လျော်သော ရက်ကို တိုးမြှင့်ပေးနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်နှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထိုရေယာဉ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်း ပြုနိုင်သည် -

(၁) နည်းဥပဒေခွဲ (က) အရ ချုပ်ဆိုသော အပြီးတူးဖော်ဆယ်ယူရန် ခံဝန်ချုပ်ကို ရေယာဉ်ပိုင်ရှင်က ဖောက်ဖျက်ခြင်း၊

(၂) ရေယာဉ်ပိုင်ရှင်က ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူမှု မပြုနိုင်ခြင်း၊

(၃) နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ခ) အရနစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူမှု မပြုခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊

(၄) ရေယာဉ်ပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရဘဲ မြစ်ချောင်းနယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်ရှိကြောင်း သတင်းကြားသိခြင်း။

၂၈။ ဦးစီးဌာနသည် နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်းပြုသည့် နစ်မြုပ်ရေယာဉ်ကို ဈေးပြိုင်စနစ်ဖြင့် တူးဖော် ဆယ်ယူခွင့်ပြုရမည်။
<ပြင်ဆင် 29.05.2020>

၂၉။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် နည်းဥပဒေ ၂၆ နှင့် ၂၇ တို့နှင့် မသက်ဆိုင်သည့်နစ်မြုပ်ရေယာဉ်ကို စီးပွားရေး အလို့ငှာ တူးဖော်ဆယ်ယူလိုသူသည် ဦးစီးဌာန သို့ ပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 29.05.2020>

၃၀။ နည်းဥပဒေ ၂၉ အရ တူးဖော်ဆယ်ယူလိုသူသည် -

(က) အောက်ပါအချက်အလက်များ၊ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည် -

(၁) မြန်မာနိုင်ငံသားဖြစ်သူ၊

(၂) ဖော်ယူမည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ ငွေကြေးနှင့် ပစ္စည်းကိရိယာလုံလောက်မှု ရှိသူ၊

(၃) နစ်မြုပ်ရေယာဉ်များ ဖော်ယူဆယ်ယူရာတွင် သက်ဆိုင်သည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ ဦးစီးဌာနက သတ်မှတ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သူ၊

(၄) သတ်မှတ်ချိန်အတွင်း ဖော်ယူနိုင်စွမ်းရှိသူ၊

(၅) လုပ်ငန်းဆောင်ရွက်မှုကို မိမိကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်နိုင်စွမ်းရှိသူ။

(ခ) နစ်မြုပ်ရေယာဉ်ဆယ်ယူရေးအတွက် စပေါ်ငွေကျပ် ငါးသိန်းပေးသွင်းပြီးဖြစ်ရမည်။

၃၁။ ပယ်ဖျက်

<ပြင်ဆင် 29.05.2020>

၃၂။ ဦးစီးဌာနသည် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခွင့်ပြုရေးနှင့် စပ်လျဉ်း၍ -

(က) လိုအပ်ပါက ကွင်းဆင်း တိုင်းတာခြင်းနှင့် စစ်ဆေးခြင်းတို့ ပြုလုပ်ရမည်။

(ခ) ကန့်ကွက်သူ မရှိပါက ကြမ်းခင်းဈေး တန်ဖိုးတွက်ချက် သတ်မှတ်ရမည်။

<ပြင်ဆင် 29.05.2020>

၃၃။ ဦးစီးဌာန သည် နည်းဥပဒေ ၃၂ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ပေးရန် ငြင်းဆိုခြင်း သို့မဟုတ် ပုံစံ (၂) ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်းပြုနိုင်သည်။

<ပြင်ဆင် 29.05.2020>

၃၄။ ဦးစီးဌာနသည်-

ပယ်ဖျက်

(ခ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်လျှောက်ထားသူအား တိုင်းတာမှုနှင့် ကွင်းဆက်စစ်ဆေးမှု ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းစေပြီး ကွင်းဆင်းစစ်ဆေးချက်ပေါ် မူတည်၍ ခွင့်ပြုချက် ထုတ်ပေး ရမည်။

<ပြင်ဆင် 29.05.2020>

၃၅။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က)ရေလမ်းကျဉ်းမြောင်းသည့် နေရာဖြစ်ပါက ဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ခံအရာရှိက သတ်မှတ်ပေးသော လုပ်ငန်းချိန်အတွင်း၌သာ ဆောင်ရွက်ရမည်။ ဤသို့ ဆောင်ရွက်ရာတွင် ရေယာဉ် များခုတ်မောင်းသွားလာရာတွင် နှောင့်နှေးမှုနှင့် စောင့်ဆိုင်းရမှုများကို နည်းနိုင်သမျှ နည်းစေရမည်။

Myanmar Law Information System (MLIS)

(ခ) မြစ်ချောင်းနယ်အတွင်းရှိ ရေလယ်ကျွန်းနှင့် သောင်ခုံများပေါ်တွင် နစ်မြုပ်ရေယာဉ်များကို တူးဖော်ဆယ်ယူပြီးပါက တူးဖော်သည့် နေရာများအား မူလအနေအထားအတိုင်း ပြန်လည်ဖို့ပေးရမည်။

(ဂ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူပြီး ထွက်ရှိလာသည့် တူးစာများနှင့် စွန့်ပစ်ပစ္စည်းများကို ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဃ) နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်းနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ (က) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၃၆။ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၅ ပါ နစ်မြုပ်ရေယာဉ်တူးဖော် ဆယ်ယူခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမည်ဖြစ်ကြောင်း ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၃၇။ ဦးစီးဌာနသည် နည်းဥပဒေ ၃၆ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (က) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ခွင့်ပြုချက်ကိုရုပ်သိမ်းနိုင်သည်။

<ပြင်ဆင် 29.05.2020>

၃၈။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ခွင့်ပြုချက်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း အပြီးတူးဖော်ဆယ်ယူ၍ မြစ်ချောင်းနယ်မှ ဖယ်ရှားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူ ဖယ်ထုတ်နိုင်ခြင်း မပြုနိုင်ပါက မည်သည့်အတွက် သတ်မှတ်ပေးသည့် အချိန်အတွင်း ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ကျိုးကြောင်းခိုင်လုံစွာ ဖော်ပြပြီး တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

<ပြင်ဆင် 29.05.2020>

၃၉။ ဦးစီးဌာနသည် နည်းဥပဒေ ၃၈၊ နည်းဥပဒေခွဲ (ခ) အရလျှောက်ထားချက်ကိုစိစစ်ပြီး -

(က) ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပုံစံ (၄) ဖြင့်သက်တမ်းတစ်ကြိမ်လျှင် ၁၂ လ ဖြင့် သက်တမ်း နှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

(ခ) ခွင့်မပြုသင့်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ နည်းဥပဒေခွဲ (က) အရ သက်တမ်းနှစ်ကြိမ်အထိ တိုးမြှင့်ပေးသော်လည်း အပြီးတူးဖော်ဆယ်ယူ ဖယ်ရှားနိုင်ခြင်း မရှိလျှင်ဖြစ်စေ ထုတ်ပေးထားသော ခွင့်ပြုချက် လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 29.05.2020>

၄၀။ နစ်မြုပ်ရေယာဉ်တူးဖော်ခွင့်ရသည့် အဖွဲ့အစည်း တစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပထမအကြိမ် သက်တမ်းအတွင်း အပြီးတူးဖော် ဆယ်ယူဖယ်ရှားနိုင်ရန် ကြိုးပမ်းအားထုတ်၍ ဆောင်ရွက်ရမည်။ အကယ်၍ ပထမအကြိမ် သက်တမ်းအတွင်း အပြီးတူးဖော်ဆယ်ယူဖယ်ရှားနိုင်ခြင်း မပြုနိုင်ပါက အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ဖော်ပြပြီး ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

<ပြင်ဆင် 29.05.2020>

၄၁။ ဦးစီးဌာနသည် နည်းဥပဒေ ၄၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပုံစံ (၄) ဖြင့် ဒုတိယအကြိမ် သက်တမ်း ၁၂ လ အထိ တိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 29.05.2020>

၄၂။ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က) အရ သက်တမ်းတိုးမြှင့်ပေးပါက ပထမအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် သတ်မှတ်ထားသော နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ နည်းဥပဒေ ၄၁ အရ သက်တမ်းတိုးမြှင့်ပေးပါက ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် ထိုတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို လည်းကောင်း ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၄၃။ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် -

(က) တူးဖော်ဆယ်ယူခြင်း၊ စတင်ဆောင်ရွက်ခြင်းနှင့် တိုးတက်မှုအခြေအနေကို တစ်လတစ်ကြိမ် ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသရုံးများသို့ သတင်းပို့ရမည်။

(ခ) တူးဖော်ဆယ်ယူမှု အောင်မြင်ပြီးစီးသည့်အခါ ပြီးစီးသည့်နေ့မှ ၁၀ ရက်အတွင်း ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဒေသရုံးများသို့ တင်ပြရမည်။

(ဂ) တူးဖော်ဆယ်ယူပြီးသောရေယာဉ်အား ဦးစီးဌာန၏ ခွင့်ပြုချက် ရရှိမှသာ မိမိလိုရာသို့ သယ်ဆောင်ခွင့်ရှိသည်။

၄၄။ (က) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးသည့် ကာလကုန်ဆုံးပြီးနောက် ရာသီဥတု ဆိုးရွားမှုကြောင့်ဖြစ်စေ၊ သဘာဝ ဘေးအန္တရာယ်အပါအဝင် မျှော်မှန်း၍ မရနိုင်သည့်အပြင် တားဆီးခြင်း မပြုနိုင်သော အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်နိုင်ခြင်း မရှိပါက ကြောင်းကျိုးခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလတိုးမြှင့်ပေးရန် တင်ပြနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ တူးဖော်ဆယ်ယူခွင့် ကာလတိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလနှင့် နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုသော ဒဏ်ကြေးတို့ကို သတ်မှတ်၍ တိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 29.05.2020>

၄၅။ ဦးစီးဌာနမှ တာဝန်ပေးအပ်သည့် အရာရှိသည် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းနှင့် စပ်လျဉ်း၍ ဥပဒေနှင့်ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကို လည်းကောင်း၊ သတ်မှတ်ပေးသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ ကိုလည်းကောင်း အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးပြီးတွေ့ရှိချက်ကို ဦးစီးဌာနသို့ အစီရင်ခံရမည်။

<ပြင်ဆင် 29.05.2020>

၄၆။ (က) ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နစ်မြုပ်ရေယာဉ်ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လျှင် ရေယာဉ်ပိုင်ရှင်နှင့် နစ်မြုပ်ရေယာဉ်တူးဖော် ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် အချင်းချင်းညှိနှိုင်း၍ မရရှိပါက ဦးစီးဌာနသို့ စေ့စပ်ညှိနှိုင်း ပေးရန် တင်ပြနိုင်သည်။

(ခ) ဦးစီးဌာနသည် နှစ်ဖက်အငြင်းပွားသူတို့အား ဆင့်ခေါ်၍ ပြေလည်မှုရစေရန် စေ့စပ်ညှိနှိုင်းပေးပြီး ရေယာဉ်တန်ဖိုး၏ ကြမ်းခင်းဈေးကို ပြင်ဆင်တွက်ချက်၍ သတ်မှတ်ပေးနိုင်သည်။

(ဂ) နစ်မြုပ်ရေယာဉ်ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ နှစ်ဖက်အငြင်းပွားသူတို့သည် နည်းဥပဒေခွဲ (ခ) အရ စေ့စပ်ညှိနှိုင်း၍ မရလျှင် သက်ဆိုင်ရာ တရားရုံး၏အဆုံးအဖြတ်ကို ခံယူနိုင်သည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၉)
## ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်းနှင့် မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲခြင်း

၄၇။ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေနုတ်မြောင်း ဖောက်လုပ်လိုလျှင်ဖြစ်စေ၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ မြစ်ရေတင် စီမံကိန်းများဆောင်ရွက်ပြီး မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲလိုလျှင်ဖြစ်စေ၊ အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေကို အသုံးပြုလိုလျှင်ဖြစ်စေ လုပ်ငန်းတည်နေရာ၊ လုပ်ငန်းအတိုင်းအတာပမာဏနှင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ဦးစီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရမည်။

<ပြင်ဆင် 29.05.2020>

Myanmar Law Information System (MLIS)

၄၈။ ဦးစီးဌာနသည် နည်းဥပဒေ ၄၇ အရ သဘောထားမှတ်ချက် တောင်းခံချက်အပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရယူ၍ ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက် လုပ်ကိုင်ခြင်း သို့မဟုတ် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပြီး မြစ်ချောင်းရေထုတ်နုတ်သုံးစွဲခြင်းနှင့် အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေသုံးစွဲခြင်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ သဘောထား မှတ်ချက်ပေးနိုင်သည်။

<ပြင်ဆင် 29.05.2020>

၄၉။ နည်းဥပဒေ ၄၈ အရ သဘောထားမှတ်ချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့အတွက် ဝန်ကြီးဌာနက သတ်မှတ်သော ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေသုံးစွဲမှုအပေါ် ဝန်ကြီးဌာနက သတ်မှတ်သော မြစ်ချောင်းရေ အသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်း ရမည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၁၀)

## မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်း ဆက်သွယ်ခြင်း

၅၀။ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် တူးဖော်ခြင်း ပြုလုပ်လိုလျှင် လုပ်ငန်းတည်နေရာ၊ အတိုင်းအတာ ပမာဏနှင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သို့ သဘောတူညီချက် တောင်းခံရမည်။

<ပြင်ဆင် 29.05.2020>

၅၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သည် နည်းဥပဒေ ၅၀ အရသဘောတူညီချက် တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ မရှိနှင့် စပ်လျဉ်း၍ ကွင်းဆင်း တိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့် ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊

Myanmar Law Information System (MLIS)

လှျပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ်ခြင်း၊ တူးဖော်ဖောက်လုပ်ခြင်း ပြုလုပ်ရန် စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက်ပေးနိုင်သည် -

(က) ကမ်းပါးပြိုနိုင်မှု မရှိခြင်း၊

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှု မရှိခြင်း၊

(ဂ) ရေယာဉ်များခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှုမရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု မရှိခြင်း။

<ပြင်ဆင် 29.05.2020>

၅၂။ နည်းဥပဒေ ၅၁ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ် အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှုများအတွက် ဝန်ဆောင်ခနှင့် လုပ်ငန်းဆောင်ရွက်စဉ် ရေလမ်းကြောင်း ကြီးကြပ်ကွပ်ကဲမှု ပြုရာတွင် ကုန်ကျသည့်စရိတ်ကို ဦးစီး ဌာနသို့ ပေးသွင်းရမည်။

## အခန်း (၁၁)

## မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း

၅၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး ၏ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် ဦးစီးဌာန၏ သဘော ထားမှတ်ချက်ကို တောင်းခံရမည်။

<ပြင်ဆင် 29.05.2020>

၅၄။ ဦးစီးဌာနသည် နည်းဥပဒေ ၅၃ အရ သဘောထားမှတ်ချက် တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ မရှိ နှင့်စပ်လျဉ်း၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့် ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံလမ်းနှင့် ခြံစည်းရိုးများ ဆောက်လုပ်ရန် သဘောထားမှတ်ချက် ပေးရမည်-

(က) ကမ်းပါးပြိုနိုင်မှု မရှိခြင်း၊

Myanmar Law Information System (MLIS)

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှု မရှိခြင်း၊

(ဂ) ရေယာဉ်များ ခုတ်မောင်းမှုကို အနှောင့်အယှက် အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှုမရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု မရှိခြင်း။

<ပြင်ဆင် 29.05.2020>

၅၅။ နည်းဥပဒေ ၅၃ အရ သဘောထားမှတ်ချက် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံ၊ လမ်းနှင့် ခြံစည်းရိုးများ ဆောက်လုပ်ခြင်းအတွက် တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့ ပြုလုပ်ရန် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

<ပြင်ဆင် 29.05.2020>

၅၆။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် နည်းဥပဒေ ၅၃ ပါ ဆောက်လုပ်ခွင့်နှင့်ပြင်ဆင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်း များမထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၁၂)

## သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း

၅၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက်ထုတ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထား လာသည့်အခါ ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက် မပေးမီ ဦးစီးဌာန၏ သဘောထား မှတ်ချက်ကို တောင်းခံရမည်။

<ပြင်ဆင် 29.05.2020>

၅၈။ ဦးစီးဌာနသည် နည်းဥပဒေ ၅၇ အရ သဘောထားမှတ်ချက် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊

Myanmar Law Information System (MLIS)

မြစ်ကျောက်ထုတ်ခြင်း နှင့် ချောင်းကျောက်ထုတ်ခြင်း လုပ်ငန်းပြုလုပ်ရန် သဘောထားမှတ်ချက် ပေးရမည်။

<ပြင်ဆင် 29.05.2020>

၅၉။ နည်းဥပဒေ ၅၇ အရ သဘောထားမှတ်ချက် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက်ထုတ်ခြင်းလုပ်ငန်းအတွက် တိုင်းတာပုံထုတ် ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်ရန်အတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

<ပြင်ဆင် 29.05.2020>

၆၀။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ် အတွင်း အဆိုပါ သံစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက် ထုတ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းများ မထိခိုက်စေရေး အတွက် ဦးစီးဌာန၏ သဘောထားမှတ်ချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများ ကို ခွင့်ပြုရမည်ဖြစ်ပြီး ခွင့်ပြုချက်မိတ္တူအား ဦးစီးဌာနသို့ ပေးပို့အကြောင်းကြားရမည်။

<ပြင်ဆင် 29.05.2020>

၆၁။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ချောင်းကျောက်ထုတ်ခြင်းလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက သဘောထားမှတ်ချက်ထုတ်ပေးထားသော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် နေရာ၊ အတိုင်းအတာ (အလျား×အနံ×အနက်) များအတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက်ထက် ကျော်လွန်၍ မြစ် သဲ ကျောက်စရစ်ကို တူးဖော်ထုတ် လုပ်ခြင်း မပြုရသည့်အပြင် မြစ်ကြောင်း ပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မည့် နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်းတိုင်း တာခြင်း၊ တူးဖော်ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းများအတွက် ဝန်ဆောင်ခများကို ကျခံရမည်။

(ဂ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်းရေလမ်းပျက်စီးလာ မှုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကို ချက်ချင်း ရပ်ဆိုင်းရမည်။

Myanmar Law Information System (MLIS)

(ဃ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှု ဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်း မပြုရဘဲ ရေလမ်းကြောင်း ပြင်ပတွင်သာ လွတ်ကင်းစွာ တူးဖော်ရမည်။

(ဆ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှု လုပ်ငန်းနှင့် ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီးမလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဈ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် ယန္တရားနှင့် ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီ ရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) မြစ်သဲ၊ ကျောက်စရစ် သယ်ရေယာဉ်များ၊ တွဲများနှင့် မြစ်သဲ၊ ကျောက်စရစ် ထုတ်လုပ်ရေယာဉ်များ သည် ကြံ့ခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင် ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှု လက်မှတ်ရ ဝန်ထမ်းများ ဖြစ်ရမည်။

(ဌ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှု အခြေအနေကို ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဒေသရုံးများသို့ တစ်လလျှင်တစ်ကြိမ် သတင်းပို့ရမည်။

(ဍ) တူးဖော်ထုတ်လုပ်သော မြစ်သဲ၊ ကျောက်စရစ် ပမာဏအတွက် ဦးစီးဌာနမှ တိုင်းတာစစ်ဆေး၍ ထုတ်ပေးသော အတည်ပြုချက် ရယူရမည်။

(ဎ) ဦးစီးဌာနကထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာ အတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်း များ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဒေသရုံးသို့ တင်ပြရမည်။

(ဏ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ <ပြင်ဆင် 29.05.2020>

Myanmar Law Information System (MLIS)

၆၂။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက်ထုတ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက သဘောထားမှတ်ချက်ပေးသည့်အခါ နည်းဥပဒေ ၆၁ ပါ မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမည်ဖြစ်ကြောင်း အဆိုပါ လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

<ပြင်ဆင် 29.05.2020>

၆၃။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၆၂ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ မြစ်သဲ၊ ကျောက်စရစ် တူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော သဘောထားမှတ်ချက်ကို ရုပ်သိမ်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ သဘောထားမှတ်ချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

<ပြင်ဆင် 29.05.2020>

၆၄။ နည်းဥပဒေ ၆၃ အရ ထုတ်ပေးထားသော သဘောထားမှတ်ချက်ကို ရုပ်သိမ်းခြင်းခံရသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောထားမှတ်ချက်ကို ထပ်မံ၍ လျှောက်ထားရယူခြင်းမပြုဘဲ ဆက်လက်၍ မြစ်သဲ၊ ကျောက်၊ ချောင်းကျောက် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

<ပြင်ဆင် 29.05.2020>

## အခန်း (၁၃)

## ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း

၆၅။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ် နှင့်ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လျှောက်ထားလာသည့်အခါ ယင်းဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက် မပေးမီ ဦးစီးဌာန၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

<ပြင်ဆင် 29.05.2020>

Myanmar Law Information System (MLIS)

၆၆။ ဦးစီးဌာနသည် နည်းဥပဒေ ၆၅ အရ ထောက်ခံချက် တောင်းခံခြင်းအပေါ်စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ မရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ် အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်လုပ်ခြင်း လုပ်ငန်းပြုလုပ်ရန် သဘောထားမှတ်ချက် ပေးနိုင်သည်။

<ပြင်ဆင် 29.05.2020>

၆၇။ နည်းဥပဒေ ၆၅ အရ သဘောထားမှတ်ချက် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက် တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တိုင်းတာပုံထုတ်ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

<ပြင်ဆင် 29.05.2020>

၆၈။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ သဘောထားမှတ်ချက် ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။

<ပြင်ဆင် 29.05.2020>

၆၉။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက သဘောထားမှတ်ချက် ထုတ်ပေးထားသော အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် -

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် နေရာ၊ အတိုင်းအတာ (အလျား×အနံ×အနက်) များအတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက်ထက် ကျော်လွန်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း မပြုရသည့်အပြင် မြစ်ကြောင်းပျက်စီးမှုအတွက် ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မည့် နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများအတွက် လုပ်ငန်းကုန်ကျစရိတ်များကို ကျခံရမည်။

Myanmar Law Information System (MLIS)

(ဂ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်းရေလမ်းပျက်စီးလာမှု၊ ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကိုချက်ချင်းရပ်ဆိုင်းရမည်။

(ဃ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မှုဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်း မပြုရဘဲ ရေလမ်းကြောင်း ပြင်ပတွင်သာ လွတ်ကင်းစွာ တူးဖော်ရမည်။

(ဆ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီးမလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရဘဲ မြစ်ချောင်းကမ်းပါးအပေါ်ဘက် သို့မဟုတ် ဦးစီးဌာနမှ သတ်မှတ်ပေးထားသော စွန့်ပစ်ရမည့် နေရာများ၌သာ စွန့်ပစ်ရမည်။ တူးဖော်ရာတွင် ရရှိသော သဲကျောက်များကို သန့်စင်ခြင်းနှင့် ရွှေကျင်ယူခြင်းတို့ ပြုလုပ်ရာတွင် ရေကြည်မှုအပ အဆိုပါ သဲများ၊ နုန်းများနှင့် ကျောက်များကို မြစ်ချောင်းအတွင်းသို့ ပြန်လည် ကျရောက်စေခြင်း မရှိစေရ။

(ဈ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မည့် ယန္တရားနှင့် ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီ ရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) ရွှေကျင်ယူသည့် လုပ်ငန်းဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းစေမည့် အရာဝတ္ထုပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ကုန်းနေ ရေနေလူနှင့် သတ္တဝါများ၊ သစ်ပင်များကို အန္တရာယ်ရှိစေသည့် ဘေးဖြစ်စေတတ်သော ပစ္စည်းများ၊ အဆိပ်သင့်စေသော ပစ္စည်းများနှင့် ဓာတုဆေးဝါးပစ္စည်းများကို သုံးစွဲခြင်းမပြုရ။

(ဌ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်သည့် ရေယာဉ်များသည် ကြံ့ခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှု လက်မှတ်ရ ဝန်ထမ်းများဖြစ်ရမည်။

Myanmar Law Information System (MLIS)

(ဍ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအခြေအနေကို ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တစ်လလျှင်တစ်ကြိမ် သတင်းပို့ရမည်။

(ဎ) ဦးစီးဌာနကထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာ အတိုင်းဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဒေသရုံးသို့ တင်ပြရမည်။

(ဏ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အခါ အားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

<ပြင်ဆင် 29.05.2020>

၇၀။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက သဘောထားမှတ်ချက် ပေးသည့်အခါ နည်းဥပဒေ ၆၉ ပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမည် ဖြစ်ကြောင်း အဆိုပါ လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

<ပြင်ဆင် 29.05.2020>

၇၁။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၇၀ အရချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ) ဖြင့်သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို လည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သောအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား ထုတ်ပေးထားသော သဘောထားမှတ်ချက် လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရထောက်ခံချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း သို့အကြောင်းကြားရမည်။

<ပြင်ဆင် 29.05.2020>

၇၂။ ထုတ်ပေးထားသော သဘောထားမှတ်ချက် လက်မှတ်ကို နည်းဥပဒေ ၇၁ အရ ရုပ်သိမ်းခြင်းခံရသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောထားမှတ်ချက် လက်မှတ်ကို ထပ်မံ၍ လျှောက်ထားရယူခြင်း မပြုဘဲ ဆက်လက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

Myanmar Law Information System (MLIS)

<ပြင်ဆင် 29.05.2020>

## အခန်း (၁၄)

## လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ဇောတံတားနှင့် ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း

၇၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွန်းလမ်းတည်ဆောက်ခြင်း၊ သင်္ဘောကျင်းတည်ဆောက်ခြင်း၊ ရေစိုသင်္ဘောကျင်းတည်ဆောက်ခြင်း သို့မဟုတ် ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း လုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၅) ဖြင့် လျှောက်ထားရမည် -

(က) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊

(ခ) လုပ်ငန်းဆောင်ရွက်မည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊

(ဂ) လုပ်ငန်းဆောင်ရွက်မည့် ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

၇၄။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းလမ်း ဆောက်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါအချက်များကိုဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၆) ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊

(ခ) တံတား၏တည်နေရာပြမြေပုံ၊

(ဂ) တံတား၏ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

၇၅။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်ခြင်း၊ သင်္ဘောကမ်းထိုးခြင်းနှင့် မြစ်ရေအသုံးပြုခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါအချက်များကိုဖော်ပြ၍ လုပ်ငန်း ခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၇) ဖြင့် လျှောက်ထားရမည် -

(က) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊

(ခ) မြောင်း၏အတိုင်းအတာ (အလျား×အနံ×အနက်)၊

(ဂ) မြောင်း၏တည်နေရာပြမြေပုံ။

<ပြင်ဆင် 29.05.2020>

၇၆။ (က) ဦးစီးဌာနသည် နည်းဥပဒေ ၇၃၊ ၇၄ နှင့် ၇၅ တို့အရ လုပ်ငန်းခွင့်ပြုချက်ရရှိရန် လျှောက်ထား ချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင် ဖွယ်ရာ ရှိ မရှိ စိစစ်ပြီး ထိခိုက်နိုင်ဖွယ်ရာ ရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာ မရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းခွင့်ပြုချက် ပုံစံ (၈) ဖြင့် ထုတ်ပေးနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။ ယာယီမြစ်ကူးချောင်းကူးတံတားအတွက် သက်တမ်းကာလမှာ ထုတ်ပေးသည့်နေ့မှစ၍ (၆) လ ဖြစ်သည်။

<ပြင်ဆင် 29.05.2020>

၇၇။ နည်းဥပဒေ ၇၆ အရ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် -

(က) လုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုထားသည့် နေရာအကျယ်အဝန်းအတွက် ဝန်ကြီးဌာနက သတ်မှတ်ထားသောနှုန်းထားဖြင့် ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) နောက်ဆက်တွဲ (ဂ) ဖြင့် သတ်မှတ်ထားသော သက်ဆိုင်ရာသင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းတံတားနှင့် ရေဆင်းလမ်း၊ ယာယီမြစ်ကူး ချောင်းကူး တံတားနှင့် မြောင်းဖော်ခြင်း၊ ကမ်းထိုးခြင်း လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

<ပြင်ဆင် 29.05.2020>

၇၈။ ဦးစီးဌာနသည် လုပ်ငန်းခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသော လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၅)

## ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း

၇၉။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ဓနိများနှင့် အခြားအရာဝတ္ထုများကို စီးပွားရေး အလို့ငှာ စုပုံခြင်း ပြုလုပ်လိုသူသည် စုပုံလိုသော အရာဝတ္ထုပစ္စည်း အမျိုးအမည်၊ အရေအတွက်၊ အကျယ်အဝန်း၊ တည်နေရာ၊ အချိန်ကာလတို့ကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၉)ဖြင့် လျှောက်ထားရမည်။

၈၀။ ဦးစီးဌာနသည် နည်းဥပဒေ ၇၉ အရ လုပ်ငန်းခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်အပေါ် ကွင်းဆင်း၍ တိုင်းတာစစ်ဆေးပြီး မြစ်ချောင်းကမ်းပါးပြိုကျမှု မဖြစ်စေရေးနှင့် ကမ်းပါးနယ် တည်ငြိမ်ရေးကိုရှေးရှု၍ စိစစ်ပြီး ကမ်းပါးနယ်၊ ကမ်းနားနယ်တွင် အရာဝတ္ထုများ စုပုံခြင်းဖြင့် အပိုဝန်ကြောင့် ကမ်းပါးပြိုကျမှု၊ ကမ်းပါးတည်ငြိမ်မှုကို ထိခိုက်နိုင်ဖွယ်ရာ ဖြစ်ပေါ်စေနိုင်ပါက စုပုံခွင့်ပြုရန် ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာ မရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များသတ်မှတ်၍ စုပုံရန် လုပ်ငန်းခွင့်ပြုချက် ပုံစံ (၁၀) ကိုထုတ်ပေးနိုင်သည်။

Myanmar Law Information System (MLIS)

၈၁။ နည်းဥပဒေ ၈၀ အရ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် -

(က) လုပ်ငန်းအတွက် ဝန်ကြီးဌာနကသတ်မှတ်ထားသောနှုန်းထားအတိုင်း စုပ်ခကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(ခ) သတ်မှတ်ထားသော သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ဓနိများနှင့် အခြားအရာဝတ္ထုများကို စုပ်ခြင်း လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

<ပြင်ဆင် 29.05.2020>

၈၂။ နည်းဥပဒေ ၈၀ အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၈၃။ ဦးစီးဌာနသည် စုပ်ရန် လုပ်ငန်းခွင့်ပြုချက် ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော စုပ်ရန် လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၆)

## ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်း ရေကန်တူးဖော်ခြင်းနှင့် မြေတူးခြင်း

၈၄။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်း ရေကန်တူးဖော်ခြင်း၊ မြေတူးခြင်း၊ စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခြင်း ပြုလုပ်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၁၁) ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊

(ခ) တည်ဆောက်မည့်နေရာ၊

(ဂ) တည်ဆောက်မည့် အတိုင်းအတာ (အလျား×အနံ×အနက်)။

<ပြင်ဆင် 29.05.2020>

၈၅။ ဦးစီးဌာနသည် နည်းဥပဒေ ၈၄ အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ မရှိ စိစစ်ပြီး ထိခိုက်နိုင်ဖွယ်ရာ ရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာ မရှိပါက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ပုံစံ (၁၂) ဖြင့် ထုတ်ပေးခြင်း ပြုနိုင်သည်။

၈၆။ နည်းဥပဒေ ၈၅ အရ ခွင့်ပြုချက်ထုတ်ပေးရာတွင် စီးပွားရေးအလို့ငှာ ရေတွင်းရေကန် တူးဖော်ခြင်း၊ မြေတူးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခွင့် လျှောက်ထားသူသည်-

Myanmar Law Information System (MLIS)

(က) လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသော နေရာအတွက် ဝန်ကြီးဌာနက သတ်မှတ်သော နှုန်းထားအတိုင်း ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန်တူးဖော်ခြင်း၊ မြေတူးခြင်း၊ စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် မြေနေရာ အသုံးပြုခြင်း အတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

<ပြင်ဆင် 29.05.2020>

၈၇။ ဦးစီးဌာနသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန် တူးဖော်ခြင်း၊ မြေတူးခြင်း၊ စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခြင်း ခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

<ပြင်ဆင် 29.05.2020>

## အခန်း (၁၇)

## ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေလမ်းအကောက်စခန်းများ သတ်မှတ်ခြင်း

၈၈။ ဦးစီးဌာနသည် မြစ်ချောင်း ရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာ ခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၏ လမ်းညွှန်ချက်နှင့်အညီ စီမံချက် ချမှတ်၍ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

<ပြင်ဆင် 29.05.2020>

၈၉။ ရေလမ်းကြောင်းများတွင် သွားလာသည့် ရေယာဉ်များအား ဝန်ကြီးဌာနက သတ်မှတ်ထားသော နှုန်းထားအတိုင်း သတ်မှတ်ထားသော ရေလမ်းကြောင်း ဖြတ်သန်းခကို ကောက်ခံရမည့် ရေလမ်းအကောက် စခန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တွံ့တေးတူးမြောင်း၊

(ခ) ညောင်တုန်းမြို့ (ပန်းလှိုင်မြစ်)၊

(ဂ) ဟသ်ာတမြို့ (ရေှာဝတီမြစ်)၊

Myanmar Law Information System (MLIS)

(ဃ) ပြည်မြို့ (ဧရာဝတီမြစ်)၊

(င) မကွေးမြို့ (ဧရာဝတီမြစ်)၊

(စ) ညောင်ဦးမြို့ (ဧရာဝတီမြစ်)၊

(ဆ) မန္တလေးမြို့ (ဧရာဝတီမြစ်)၊

(ဇ) ကသာမြို့ (ဧရာဝတီမြစ်)၊

(ဈ) ဗန်းမော်မြို့ (ဧရာဝတီမြစ်)၊

(ည) မုံရွာမြို့ (ချင်းတွင်းမြစ်)

(ဋ) ကလေးဝမြို့ (ချင်းတွင်းမြစ်)

(ဌ) ဟုမ္မလင်းမြို့ (ချင်းတွင်းမြစ်)

(ဍ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေလမ်း အကောက်စခန်းများအဖြစ် သတ်မှတ်ထားရှိသော အခြားရေလမ်းကြောင်းများရှိ မြို့များ။

၈၀။ ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဖြတ်သန်းသော ရေယာဉ်များ၏ အတိုင်းအတာနှင့် ဝန်တင်ပမာဏ တို့ကို လိုအပ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တိုင်းတာစစ်ဆေးခြင်း ပြုလုပ်နိုင်သည်။ ရေယာဉ်တန်ချိန်တွက်ချက် တိုင်းတာရာတွင် ရေယာဉ်မှတ်ပုံတင်တွင်ပါရှိသည့် လုံးပေါင်းတန်ချိန် (Gross Tonnage-GT) အတိုင်း ကောက်ခံနိုင်ရေးအတွက် မှန်ကန်မှု ရှိ မရှိ စစ်ဆေးနိုင်သည်။
<ပြင်ဆင် 29.05.2020>

၈၁။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် ရေလမ်းကြောင်းဖြတ်သန်းခအတွက် ပြေစာ မထုတ်ပေးမီအထိ သက်ဆိုင်ရာ ရေလမ်းအကောက်စခန်းတွင် ရေယာဉ်ကို ခေတ္တရပ်တန့်ထားရမည်။

## အခန်း (၁၈)

## အထွေထွေ

၈၂။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ဥပဒေနှင့် ဤနည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်း လုပ်ကိုင် ခွင့်အတွက်သာ ဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

Myanmar Law Information System (MLIS)

၉၃။ ဥပဒေအာဏာမတည်မီက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း တည်ဆောက်ထားရှိသော လုပ်ငန်းတစ်ခုခုကို ဥပဒေအာဏာ တည်ပြီးနောက် ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင် လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိရန် ဥပဒေနှင့် ဤနည်းဥပဒေများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၉၄။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (စ) အရ မြစ်တွင်းသွား ရေယာဉ်များ ဆိုက်ကပ်ရပ်နားရေးအတွက် ရွေးချယ်သတ်မှတ်ထားသည့် ဆိပ်ကမ်းများတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက သတ်မှတ်ထား သော ဆိပ်ကမ်းကပ်ခကို ကောက်ခံရမည်။
<ပြင်ဆင် 29.05.2020>

၉၅။ (က) ဥပဒေနှင့် ဤနည်းဥပဒေများအရ ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများကို ဦးစီးဌာနက ဖြစ်စေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ ဦးစီးဌာနက တာဝန်ပေးသော ပုဂ္ဂလိက အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ ကောက်ခံနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) ပါ အခွန်အခများကောက်ခံရာတွင် ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော အရာရှိသည် ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြေခွန်မပြေ ကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။
<ပြင်ဆင် 29.05.2020>

ဉာဏ်ထွန်းအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲ (က) နစ်မြုပ်ရေယာဉ်တူးဖော်ခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ [နည်းဥပဒေ ၃၄ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ (ခ) သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ချောင်းကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း၊ သယံဇာတ

Myanmar Law Information System (MLIS)

ထုတ်လုပ်ခြင်းနှင့် နည်းလမ်းအမျိုးမျိုးဖြင့် ရေလုပ်ငန်းဆောင်ရွက်ခြင်း လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ [နည်းဥပဒေ ၆၀ (က)/ ၆၈ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲ (ဂ) လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ဇောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်ခြင်း၊ မြစ်ရေအသုံးပြုခြင်းနှင့် သင်္ဘောကမ်းထိုးခြင်း လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ [နည်းဥပဒေ ၇၆(ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (၁) နစ်မြုပ်ရေယာဉ် တူးဖော်ကယ်ဆယ်ခွင့်နှင့် လျှောက်လွှာပုံစံ (နည်းဥပဒေ ၂၉)

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (၂) နစ်မြုပ်ရေယာဉ် ဆက်ယူရန် ခွင့်ပြုချက် အမှတ် ( / ) နည်းဥပဒေ ၃၂

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ (၃) နစ်မြုပ်ရေယာဉ် ဖော်ယူ၍ ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာပုံစံ [နည်းဥပဒေ ၃၇(ခ)/ ၃၉]

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (၄) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူရန် သက်တမ်းတိုးမြှင့်ပေးခြင်းအတွက်ခွင့်ပြုချက် အမှတ် ( / )[နည်းဥပဒေ ၃၈ (က)/ ၃၉]

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ (၅) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ (နည်းဥပဒေ ၇၂)

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ (၆) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ (နည်းဥပဒေ ၇၃)

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ (၇) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်ခြင်း၊ မြစ်ရေအသုံးပြုခြင်းနှင့် သင်္ဘောကမ်းထိုးခြင်းလုပ်ငန်း ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ(နည်းဥပဒေ ၇၄)

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ (၈) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတား၊ ဆောက်လုပ်ခြင်းလုပ်ငန်း၊ မြောင်းဖော်ခြင်း၊ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်းနှင့် မြစ်ရေအသုံးပြုခြင်း

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ (၉)ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံရန် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးရန်လျှောက်လွှာပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ (၁၀) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း၊ ရောင်းဝယ်ခြင်းအတွက် စုပုံရန်

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ (၁၁)ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်း၊ ရေကန်တူးဖော်ခြင်း၊ မြေတူးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေနေရာအသုံးပြုခြင်းအတွက် ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်လွှာပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 ပုံစံ (၁၂) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်း၊ ရေကန်တူးဖော်ခြင်း၊ မြေတူးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေနေရာအသုံးပြုခြင်းအတွက် ခွင့်ပြုချက် အမှတ် (   /   )

Myanmar Law Information System (MLIS)